## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆ ။)

## ၁၃၇၅ ခုနှစ်၊ဝါဆိုလဆန်း ၄ရက်

## (၂၀၁၃ ခုနှစ် ၊ ဇူလိုင်လ ၁၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များ သည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စု အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကိုဆိုသည်။

(ဃ) **ဗဟိုဘဏ်**ဆိုသည်မှာ ဤဥပဒေအ ရတည်ထောင်သည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုသည်။

(င) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်သောဘဏ်ကိုဆိုသည်။

(စ) **ငွေရေးကြေး ရေးအဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ တည်ထောင်ခွင့်ပြုထားသောအဖွဲ့အစည်းကို ဆိုသည်။

(ဆ) **ငွေစက္ကူ** ဆိုသည်မှာ ဗဟိုဘဏ်က ဤဥပဒေအရဖြစ်စေ၊ ယခင်ကဖြစ်စေ ထုတ်ထားသော တရားဝင်ငွေစက္ကူကို ဆိုသည်။

(ဇ) **ဒင်္ဂါး**ဆိုသည်မှာ ဗဟိုဘဏ်က ဤဥပဒ ေအရဖြစ်စေ၊ ယခင်ကဖြစ်စေ ထုတ်ထား သော တရားဝင်ဒင်္ဂါးနှင့် ငွေအကြွေကို ဆိုသည်။

(ဈ) **နိုင်ငံခြားသုံးငွေ** ဟူသော စကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) နိုင်ငံခြားငွေင ွသေား၊

(၂) နိုင်ငံခြားငွေ ငွေသားဖြင့် ပေးချေရမည့် သို့မဟုတ် ပြည်ပတွင် ပေးချေရမည့်စာချုပ်စာတမ်းများ၊

(၃) နိုင်ငံတကာ အစိုးရငွေရေးကြေးရေးအဖွဲ့အစည်းများ ၊ နိုင်ငံခြားရှိ ဗဟိုဘဏ်များ၊ငွေတိုက်များနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် ထားရှိသောအပ်ငွေများ၊

(၄) တစ်နိုင်ငံမှတစ်နိုင်ငံသို့ ငွေများလွှဲပြောင်းရာတွင် အသုံးပြုသည့်စာချုပ်စာတမ်းများ၊

(၅) ပြည်တွင်းဘဏ်များရှိနိုင်ငံခြားငွေဖြင့်ဖွင့်လှစ်ထားရှိသည့် ငွေစာရင်းများ။

(ည) **ရွှေ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှု၌ သတ်မှတ် အသုံးပြုသည့် စံချိန်မီရွှေချောင်း၊ ရွှေတုံးနှင့် ရွှေဒင်္ဂါးများကို ဆိုသည်။

(ဋ) **လှည့်လည်သုံးစွဲငွေ** ဆိုသည်မှာ ဗဟိုဘဏ် လက်ဝယ်ရှိ ငွေစက္ကူနှင့် ဒင်္ဂါးများမှအပ လှည့်လည်သုံးစွဲလျက်ရှိသည့် သုံးစွဲငွေကို ဆိုသည်။

(ဌ) **အထွေထွေသီးသန့်ငွေစာရင်း**ဆိုသည်မှာ အစိုးရ အဖွဲ့၏ ကနဦးထည့်ဝင်ငွေတစ်ရပ်ဖြင့် ဗဟိုဘဏ်ကို မတည်တည်ထောင်ပြီးနောက် နှစ်စဉ် နှစ်ကုန်ဆုံးသည့်အခါတိုင်း ရရှိသော အသားတင်အမြတ်ငွေမှ သတ်မှတ်ထားသည့် ရာခိုင်နှုန်းတစ်ရပ်ဖြင့် ခွဲဝေ ပေးသွင်းရပြီး ဗဟိုဘဏ်၏မတည်ငွေရင်း၏ ၁၀၀ ရာခိုင်နှုန်းနှင့်ညီမျှသည်အထိ ထည့်ဝင် ရသည့် ငွေစာရင်းကိုဆိုသည်။

(ဍ) **အထူးသီးသန့်ငွေစာရင်း**ဆိုသည်မှာ ဗဟိုဘဏ်ကအထူးကိစ္စရပ်အတွက် တည်ထောင်ထားသည့်စာရင်းကို ဆိုသည်။

(ဎ) **လျှော့နှုန်း**ဆိုသည်မှာလျှော့နှုန်းဖြင့် ချေးငွေအစီအစဉ်အရ ဗဟိုဘဏ်သည် အာမခံအဖြစ် ငွေချေးသက်သေခံလက်မှတ်များရယူ၍ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ ထုတ်ချေးသည့်ကာလတိုချေးငွေအပေါ်ရယူသည့် ဗဟိုဘဏ်အတိုးနှုန်းကိုဆိုသည်။

(ဏ) **သီးသန့်ငွေလိုအပ်ချက် သို့မဟုတ် သီးသန့်ငွေအချိုး**ဆိုသည်မှာကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့် ငွေစုဘဏ်များ၌ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ အပ်နှံထားသည့် စုစုပေါင်းအပ်နှံငွေ၏ အစိတ်အပိုင်းတစ်ရပ်ကို အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်တစ်ရပ်အဖြစ်ထားရှိရမည့် ဗဟိုဘဏ်၏ သတ်မှတ်ချက်ကိုဆိုသည်။

(တ) **နှစ်** ဆိုသည်မှာ နိုင်ငံတော်၏ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ထ) **ပုဂ္ဂိုလ်** ဟူသောစကားရပ်တွင် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်တို့ ပါဝင်သည်။

## အခန်း(၂)
## တည်ထောင်ခြင်း၊ ရည်မှန်းချက် နှင့် ရည်ရွယ်ချက်

၃။ ဗဟိုဘဏ်ကို ကိုယ်ပိုင်အမည်ဖြင့် စဉ်ဆက် မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊တရားစွဲဆိုခံနိုင်ခွင့်ရှိသောတရားဝင်အဖွဲ့အစည်းအဖြစ် ဤဥပဒေဖြင့်တည်ထောင်သည်။

၄။ ဗဟိုဘဏ်၏ရုံးချုပ်ကို နေပြည်တော် တွင်ထားရှိရမည်။ဗဟိုဘဏ်သည် ဒါရိုက်တာအဖွဲ့၏သဘောတူညီချက်ဖြင့် ပြည်တွင်း တွင်ဖြစ်စေပြည်ပတွင်ဖြစ်စေ၊ ဘဏ်ခွဲများနှင့်ယင်း၏ ကိုယ်စားလှယ်ရုံးခွဲများဖွင့်လှစ်နိုင်သည်။

၅။ ဗဟိုဘဏ်၏အဓိကရည်မှန်းချက်မှာ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန်ဖြစ်သည်။

၆။ ဗဟိုဘဏ်သည် မိမိ၏အဓိကရည်မှန်းချက်နှင့်အညီ အောက်ပါရည်ရွယ်ချက်များ တိုးတက်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်ရမည်-

(က) ငွေကြေးတည်ငြိမ်ရေး၊

(ခ) ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေး၊

(ဂ) ထိရောက်သော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များခိုင်မာတိုးတက်ရေး၊

(ဃ) ရှင်သန်သောစီးပွားရေးဖွံ့ဖြိုးမှုရရှိစေရန် အစိုးရအဖွဲ့ ၏ အထွေထွေ စီးပွားရေးမူဝါဒများကို အထောက်အကူပြုရေး။

၇။ ဗဟိုဘဏ်သည် မိမိ၏အဓိကရည်မှန်းချက်နှင့်ရည်ရွယ်ချက်များ အောင်မြင်စေရန်ဤဥပဒေပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း(၃)
## ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းခြင်း

၈။ ဗဟိုဘဏ်ကို ဒါရိုက်တာအဖွဲ့ဖြင့် စီမံခန့်ခွဲရမည်။

၉။ (က) ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့ကို ပုဂ္ဂိုလ် ၉ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးရမည် -

(၁) ဗဟိုဘဏ်ဥက္ကဋ္ဌ ဥက္ကဋ္ဌ

(၂) ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ သုံးဦး အဖွဲ့ဝင်

(၃) အစိုးရအဖွဲ့က ရွေးချယ်ပေးသော ပြင်ပမှ ဘာသာရပ် ဆိုင်ရာ ကျွမ်းကျင်သူ ငါးဦး အဖွဲ့ဝင်

(ခ) ဗဟိုဘဏ်ဥက္ကဋ္ဌ၏ သက်တမ်းသည်ငါးနှစ်ဖြစ်သည်။ကျန်ဒါရိုက်တာ အဖွဲ့ဝင်များ၏ သက်တမ်းသည်လေးနှစ်ဖြစ်သည်။ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆက်တိုက် သက်တမ်းနှစ်ခုထက်ပို၍ ထမ်းဆောင်ခွင့် မရှိစေရ။

(ဂ) ဗဟိုဘဏ်၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ များသည် ဗဟိုဘဏ်၏လုပ်ငန်းတာဝန်များကို အချိန်ပြည့်ထမ်းဆောင်ရမည့်အပြင် အခကြေးငွေရရှိသော အခြားမည်သည့်လုပ်ငန်းကိုမျှ ဆောင်ရွက်ခြင်းမပြုရ။

(ဃ) ဒါရိုက်တာအဖွဲ့သည် ဗဟိုဘဏ်၏ အရာရှိတစ်ဦးအား ဒါရိုက်တာအဖွဲ့၏ ရုံးလုပ်ငန်း တာဝန်များ ထမ်းဆောင်ရာတွင် တာဝန်ခံအဖြစ် ဆောင်ရွက်ရန် သီးခြားတာဝန်ပေးအပ်ရမည်။

(င) ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဗဟိုဘဏ်လုပ်ငန်း၊ စီးပွားရေးပညာရပ်၊ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ ဥပဒေပညာရပ်၊ စာရင်းကိုင်နှင့်စာရင်းစစ်လုပ်ငန်းတစ်ရပ်ရပ်တွင် အတွေ့အကြုံနှင့်ဗဟုသုတကြွယ်ဝသူများ ဖြစ်ရမည်။

(စ) ဒါရိုက်တာအဖွဲ့ဝင်များသည် မိမိနှင့် မိမိ၏မိသားစုဝင်များ၏ ငွေကြေး သို့မဟုတ် စီးပွားရေးလုပ်ငန်းနှင့်ဆိုင်သော အကျိုးခံစားခွင့်များကို ဒါရိုက်တာအဖွဲ့သို့အပြည့်အစုံတင်ပြရမည်။

၁၀။ အောက်ပါပုဂ္ဂိုလ်တို့ကို အဖွဲ့ဝင်အဖြစ်ခန့်ထားခြင်းမပြုရ-

(က) နိုင်ငံသားမဟုတ်သူ၊

(ခ) အဖွဲ့ဝင်တစ်ဦး၏ ဇနီး၊ခင်ပွန်း၊မိဘ၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်း၊

(ဂ) ကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်း၏ ဝန်ထမ်းများ၊ ဒါရိုက်တာများ၊ ယင်းအဖွဲ့အစည်းများတွင် ငါး ရာခိုင်နှုန်းထက်ပိုသော အကျိုးခံစားခွင့် ပိုင်ဆိုင်သည့် အဓိက အစုရှယ်ယာပိုင်ရှင်များ၊

(ဃ) ဘဏ်တစ်ခု ခု သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု ခု၏ဝန်ထမ်းများ၊ ဒါရိုက်တာများ၊ ယင်းအဖွဲ့အစည်းများတွင် ငါးရာခိုင်နှုန်းထက်ပိုသော အကျိုးခံစားခွင့် ပိုင်ဆိုင်သည့်အဓိကအစုရှယ်ယာပိုင်ရှင်များ။

၁၁။ ဗဟိုဘဏ်၏ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့သည် ဒါရိုက်တာအဖွဲ့က သတ်မှတ်သော ချီးမြှင့်ငွေနှင့် စရိတ်များကိုသာ ခံစားခွင့်ရှိသည်။ ယင်းချီးမြှင့်ငွေနှင့် စရိတ်များကို ဗဟိုဘဏ်မှ ကျခံရမည်။

၁၂။ ပြင်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ ဒါရိုက်တာ အဖွဲ့ဝင်များသည် ဒါရိုက်တာ အဖွဲ့က သတ်မှတ်သော ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်။ ယင်းချီးမြှင့်ငွေကို ဗဟိုဘဏ်မှကျခံရမည်။

၁၃။ လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် နိုင်ငံ့ဝန်ထမ်းအား ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးပါက တာဝန်ပေးအပ်သည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟုလည်းကောင်း၊ နိုင်ငံ့ ဝန်ထမ်းအဖြစ်မှ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟုလည်းကောင်း မှတ်ယူရမည်။ထို့ပြင် ဒါရိုက်တာအဖွဲ့ဝင်များသည် နိုင်ငံရေးပါတီ အဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်မဖြစ်ရ။ ပါတီအဖွဲ့ အစည်းများ၏ လှုပ်ရှားမှုများ၌လည်း ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၁၄။ ဗဟိုဘဏ် ဥက္ကဋ္ဌသည် ဗဟိုဘဏ်၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်၍ ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များကို စီမံခန့်ခွဲခြင်းနှင့် မူဝါဒအကောင်အထည်ဖော်ခြင်းတို့ကို ဒါရိုက်တာအဖွဲ့အား တာဝန်ခံပြီး ဆောင်ရွက်ရမည်။

၁၅။ ဗဟိုဘဏ်ဥက္ကဋ္ဌသည် ဗဟိုဘဏ်ကိုယ်စား အရေးယူဆောင်ရွက်ရန်၊ သဘောတူစာချုပ်များချုပ်ဆိုရန်၊ စာချုပ်စာတမ်းများနှင့် စာချွန်လွှာများကို လက်မှတ်ရေးထိုးရန် လုပ်ပိုင်ခွင့်များရှိသည်။အဆိုပါလုပ်ပိုင်ခွင့်များကို ဒါရိုက်တာအဖွဲ့ကဆုံးဖြတ်သည့်အတိုင်း ဗဟိုဘဏ်၏ အရာရှိများအား လွှဲအပ်နိုင်သည်။

၁၆။ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက ဒါရိုက်တာ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲပြီးဖြစ်ရမည်-

(က) ပုဒ်မ ၁၀ တွင် ဖော်ပြထားသော ကန့်သတ်ချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း၊

(ခ) ထောင်ဒဏ် ချမှတ်ခံရခြင်း၊

(ဂ) ခန့်အပ်သည့် အာဏာပိုင်ထံ နုတ်ထွက်လွှာတင်၍ ခွင့်ပြုချက်ရရှိခြင်း၊

(ဃ) မိမိ၏တာဝန်ဝတ္တရားများကိုစွမ်းဆောင်နိုင်ခြင်းမရှိကြောင်း နိုင်ငံတော်သမ္မတ ၏ ဆုံးဖြတ်ခံရခြင်း၊

(င) ဒါရိုက်တာအဖွဲ့၏ခွင့်ပြုချက်မရရှိဘဲ ဒါရိုက်တာအဖွဲ့၏အစည်းအဝေး တက်ရောက်ရန် တစ်ဆက်တည်း သုံးလပျက်ကွက်ခြင်း။

၁၇။ နုတ်ထွက်သွားသော သို့မဟုတ် ရာထူးမှရပ်စဲခြင်းခံရသော သို့မဟုတ် ကွယ်လွန်သွားသော ဒါရိုက်တာအဖွဲ့ဝင်၏ ကျန်ရာထူးသက်တမ်းအတွက် ဤဥပဒေပါ သတ်မှတ်ချက်များနှင့် ညီညွတ်သော သင့်လျော်သူတစ်ဦးဦးကို ဖြည့်စွက်ခန့် ထားရမည်။ ယင်းသို့ ဖြည့်စွက်ခန့် ထားခြင်းကို လစ်လပ်မှု ပေါ်ပေါက်သည့်နေ့မှ သုံးလအတွင်း ပြုလုပ်ရမည်။

၁၈။ ဒါရိုက်တာအဖွဲ့သည်ဗဟိုဘဏ်၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ကော်မ တီများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ ထိုသို့ဖွဲ့စည်းရာတွင် ယင်းကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၁၉။ ဒါရိုက်တာအဖွဲ့သည် ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ဝန်ထမ်းဖွဲ့စည်းပုံစာစီရပ် ရေးဆွဲထားရှိရမည်။ ယင်းဖွဲ့စည်းပုံအတွင်း လိုအပ်သော အရာထမ်းများနှင့် အမှုထမ်းများကို ခန့်ထားရမည်။

၂၀။ ဒါရိုက်တာအဖွဲ့သည် ဗဟိုဘဏ်၏ ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် စည်းမျဉ်း စည်းကမ်းများ ခံစားခွင့်များကို သတ်မှတ်ရမည်။

၂၁။ ဗဟိုဘဏ်သည်ဒါရိုက်တာအဖွဲ့၏အတည်ပြုချက်ဖြင့်အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) မိမိ၏ဝန်ထမ်းများသို့ အာမခံဖြင့်ဖြစ်စေ၊ အာမခံမဲ့ဖြင့်ဖြစ်စေ ချေးငွေနှုန်းကြိုတင်ပေးထွေထုတ်ချေးခြင်း၊

(ခ) မိမိ၏ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အကျိုးခံစားခွင့်ရှိသူများအတွ က် အငြိမ်းစားဝန်ထမ်း ရန်ပုံငွေ သို့မဟုတ် အလားတူအစီအစဉ်များ တည်ထောင်ဆောင်ရွက်ခြင်း။

၂၂။ (က) ဒါရိုက်တာအဖွဲ့၏ ပုံမှန်အစည်းအဝေးကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ်ပြုလုပ်ရမည်။ထို့ရာတွင် ဗဟိုဘဏ်ဥက္ကဋ္ဌ သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင်အများစု၏ဆန္ဒဖြင့်မည်သည့်အချိန်မဆို အထူးအစည်းအဝေးပြုလုပ်နိုင်သည်။

(ခ) ဒါရိုက်တာအဖွဲ့ဝင်ဦးရေထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

(ဂ) အစည်းအဝေးတွင် သဘာပတိအဖြစ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌက လည်းကောင်း၊ ဥက္ကဋ္ဌ မရှိသည့်အခါ ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ဒါရိုက်တာအဖွဲ့ဝင် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ တစ်ဦးဦးကလည်းကောင်းဆောင်ရွက်ရမည်။

(ဃ) ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးတွင် ဆုံးဖြတ်ချက်များကို တက်ရောက်သော ဒါရိုက်တာအဖွဲ့ဝင်အများစု၏ ဆန္ဒမဲဖြင့်ချမှတ်ရမည်။ မဲအရေအတွက်တူညီနေလျှင် သဘာပတိ၏ အဆုံးအဖြတ်မဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်။

(င) ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ၌ ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့်ပြည်ထောင်စုအစိုးရ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးတို့အား လေ့လာသူများအဖြစ် တက်ရောက်ရန် ဖိတ်ကြားရမည်။

၂၃။ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦး၏ အကျိုးခံစားခွင့်များနှင့် ဆက်စပ်လျက်ရှိသော ကိစ္စရပ်များကို ဒါရိုက်တာအဖွဲ့က အရေးယူဆောင်ရွက်ရန် လိုအပ်သည့်အခါ ယင်းကိစ္စနှင့် ပတ်သက်သည့် အစည်းအဝေးတွင် ယင်းဒါရိုက်တာ အဖွဲ့ဝင်က ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ။

## အခန်း(၄)
## မတည်ငွေရင်းနှင့် အမြတ်ခွဲဝေမှု

၂၄။ နိုင်ငံတော်သည်ဗဟိုဘဏ်၏ တစ်ဦးတည်းသော အစုရှယ်ယာပိုင်ရှင်ဖြစ်သည်။ ဗဟိုဘဏ်၏ခွင့်ပြုမတည်ငွေရင်းသည် ကျပ်သန်းပေါင်း သုံးသိန်းဖြစ်သည်။ယင်းအနက် ငွေကျပ်သန်းပေါင်းတစ်သိန်းကို နိုင်ငံတော်က ထည့်ဝင်ပြီးဖြစ်ရမည်။ ဗဟိုဘဏ်၏ ခွင့်ပြုမတည် ငွေရင်းနှင့်ထည့်ဝင်ပြီး မတည်ငွေရင်းတို့ကို အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် တိုးမြှ င့်နိုင်သည်။ မတည်ငွေရင်းများကိုလျှော့ချခြင်း မပြုရ။

၂၅။ ဗဟိုဘဏ်၏ရရန်ပိုင်ခွင့်များတန်ဖိုးသည်ပေးရန်တာဝန်များတန်ဖိုးနှင့် ထည့်ဝင်ပြီးမတည်ငွေရင်းနှစ်ရပ်ပေါင်းအောက် လျော့နည်းသည့်အခါ ဗဟိုဘဏ်က အဆိုပြု၍ အစိုးရအဖွဲ့ က ခွင့်ပြုသည့်အတိုင်းဝန်ကြီးဌာနသည် အစိုးရငွေချေးသက်သေခံလက်မှတ်များကို ဗဟိုဘဏ်သို့ ထုတ်ပေးရမည်။

၂၆။ ဗဟိုဘဏ်၏နှစ်အလိုက် အသားတင်အမြတ်ငွေတွက်ချက်ရာတွင် နှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအသုံးစရိတ်များကို ထုတ်နုတ်ပြီးနောက် ရလမ်းမရှိသော ကြွေးမြီနှင့် ရရန်မသေချာသော ကြွေးမြီများအတွက် လျာထားခြင်း၊ ရရန်ပိုင်ခွင့်များအတွက် တန်ဖိုးလျှော့လျာထားခြင်း၊ ဝန်ထမ်းများ၏သက်သာချောင်ချိရေးနှင့် အငြိမ်းစားရန်ပုံငွေများအတွက် လျာထားခြင်းတို့ကိုဆောင်ရွက်ပြီးတွက်ချက်ရမည်။ ဗဟိုဘဏ်သည် လိုအပ်သည်ဟုယူဆသော အခြားကိစ္စရပ်များအတွက် လျာထားခြင်းကိုလည်း အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်နိုင်သည်။

၂၇။ ဗဟိုဘဏ်သည် အထွေထွေသီးသန့်ငွေ စာရင်းကို တည်ထောင်ထားပြီးဖြစ်ရမည်။ နှစ်စဉ်နှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏လေး ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏကို

ကျပ်သန်းဂဏန်းအလီလီဖြင့် ဗဟိုဘဏ်၏ထည့်ဝင်ပြီးမတည်ငွေရင်း၏တစ်ရာရာခိုင်နှုန်းနှင့်ညီမျှသည်အထိ အထွေထွေသီးသန့်ငွေစာရင်းသို့ခွဲဝေပေးသွင်းရမည်။ အစိုးရအဖွဲ့ ၏ခွင့်ပြုချက်ဖြင့် အထွေထွေသီးသန့်ငွေစာရင်းသို့ လွှဲပြောင်းသောငွေပမာဏကို နှစ်စဉ်သတ်မှတ်ရာခိုင်နှုန်းထက် ကျော်လွန်၍တိုးမြှင့်နိုင်သည် သို့မဟုတ် အထွေထွေသီးသန့်ငွေစာရင်း၏ စုစုပေါင်းငွေကို ဗဟိုဘဏ်၏ ထည့်ဝင်ပြီးမတည်ငွေရင်းထက်ကျော်လွန်၍ တိုးမြှင့်နိုင်သည်။

၂၈။ ပုဒ်မ ၂၇ အရ အထွေထွေသီးသန့်ငွေစာရင်းသို့ လွှဲပြောင်းပေးသွင်းပြီးနောက် အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို ပုဒ်မ ၂၅ အရ ထုတ်ပေးထားပြီး ဗဟိုဘဏ်မှ ကိုင်ဆောင်ထားသောအစိုးရငွေချေးသက်သေခံလက်မှတ်များကိုရွေးယူရန်အသုံးပြုရမည်။

၂၉။ ဗဟိုဘဏ်သည် နှစ်စဉ်နှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်သည့်အခါ အဆိုပါအရှုံးကို ပုဒ်မ ၂၇ အရ တည်ထောင်ထားသော အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

၃၀။ ဗဟိုဘဏ်သည် ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့အရ ဆောင်ရွက်ပြီးနောက် ကျန်ရှိသောအသားတင်အမြတ်လက်ကျန်ငွေကို ကျပ်သန်းဂဏန်းအလီလီဖြင့် နှစ်ကုန်ဆုံးပြီးနောက် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းသို့ ဆောလျင်စွာ လွှဲပြောင်းပေးအပ်ရမည်။

၃၁။ ဗဟိုဘဏ်သည်ခုနှိမ်မှု သို့မဟုတ် ပေးချေမှုစသည်တို့ကို ပြုလုပ်ခြင်းအားဖြင့် မိမိ၏ ရရန်ပိုင်ခွင့်သည် ပေးရန်တာဝန်များနှင့် ထည့်ဝင်ပြီး မတည်ငွေရင်း နှစ်ရပ်ပေါင်းအောက်လျော့နည်းလိမ့်မည်ဟု ယူဆပါက ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့အရ ဆောင်ရွက်မှုကိုသော်လည်းကောင်း၊ပုဒ်မ၃၀အရလွှဲပြောင်းပေးအပ်မှုတစ်စုံတစ်ရာကိုသော်လည်းကောင်း မပြုလုပ်ရ။

၃၂။ ရွှေ၊ အထူးထုတ်ယူခွင့်များ၊ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုငွေစာရင်းယူနစ်များ သို့မဟုတ် ကျပ်ငွေဖြင့် တန်ဖိုးသင့်ထားသော နိုင်ငံခြားငွေကြေးတို့၏ တန်ဖိုးများ သို့မဟုတ် နိုင်ငံခြားငွေလဲလှယ်နှုန်းများတွင်တစ်စုံတစ်ရာပြောင်းလဲမှုကြောင့် ဗဟိုဘဏ်၏ ရွှေ၊ အထူး ထုတ်ယူခွင့်များ၊ နိုင်ငံခြားငွေကြေးများတစ်ရပ်ရပ်ကို တန်ဖိုးပြန်လ ည်သတ်မှတ်ခြင်းဖြင့် ပေါ်ပေါက်လာသည့် ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ တန်ဖိုးပြောင်းလဲမှုများအတွက် အထူးသီးသန့်ငွေစာရင်းတစ်ရပ်တည်ထောင်ထားရမည်။

၃၃။ (က) ရွှေ၊ အထူးထုတ်ယူခွင့်များ၊ နိုင်ငံခြားငွေကြေးများနှင့် အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုငွေစာရင်းယူနစ်များ၏ ကျပ်ငွေတန်ဖိုးများကို နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့် ပြန်လည်တန်ဖိုးသတ်မှတ်ရာတွင် ဖြစ်ပေါ်လာသော ဗဟို ဘဏ်၏ မည်သည့် နှစ်မှ မည်သည့်အသားတင် အမြတ်ကိုမဆိုယင်းအထူးသီးသန့်ငွေစာရင်းသို့ မြီရှင်စာရင်းရေးသွင်းရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ပြောင်းလဲမှုတစ်ခုခုကြောင့် ဖြစ်ပေါ်လာသော ဗဟိုဘဏ်၏ မည်သည့် နှစ်မှ မည်သည့်အသားတင်အရှုံးကိုမဆို ယင်းအထူးသီးသန့် ငွေစာရင်းရှိ မြီရှင်လက်ကျန်မှ ခုနှိမ်ရမည်။

(ဂ) ပုဒ်မခွဲ (က)တွင် ရည်ညွှန်း သော အသားတင်အမြတ်သည်လည်းကောင်း၊ ပုဒ်မခွဲ (ခ)တွင် ရည်ညွှန်းသော အသားတင်အရှုံးသည်လည်းကောင်း ဗဟိုဘဏ်၏ နှစ်စဉ်အသားတင်အမြတ်ငွေတွက်ချက်ရာတွင် မပါဝင်စေရ။

၃၄။ ဗဟိုဘဏ်သည် ဝင်ငွေအပေါ် ကောက်ခံသည့် အခွန်များ၊ တံဆိပ်ခေါင်းခွန်များ သို့မဟုတ် အလားတူအခွန်များနှင့် ဘဏ်လုပ်ငန်းဆောင်ရွ က်မှုများအပေါ် အခွန် စည်းကြပ်မှုများမှ ကင်းလွတ်ခွင့်ရရှိစေရမည်။

၃၅။ ဗဟိုဘဏ်သည်-

(က) မိမိ၏ ဘဏ္ဍာငွေအပေါ် ရပ် တည်၍ မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) ဘဏ္ဍာရေးနှစ်တစ်နှစ်မစမီ ဗဟိုဘဏ်၏နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ရေးဆွဲ၍ဒါရိုက်တာအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။ ဒါရိုက်တာအဖွဲ့ကအတည်ပြုပြီးသောနှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို အစိုးရအဖွဲ့သို့ အစီရင်ခံ တင်ပြသည် နှင့် တစ်ပြိုင်နက် ပြည်ထောင်စု လွှတ်တော်သို့လည်း တင်ပြရမည်။

(ဂ) ဒါရိုက်တာအဖွဲ့သည် နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်ရန် လိုအပ်သောဘဏ္ဍာရေးစည်းမျဉ်းများကို ချမှတ်ရမည်။

၃၆။ (က) ဗဟိုဘဏ်၏စာရင်းများကို ဘ ဏ်တွင်းစာရင်းစစ်ဌာနက သုံးလပတ်အလိုက် ပုံမှန်စစ်ဆေးရမည်။ စာရင်းစစ်ဆေးချက် အစီရင်ခံစာကို ဒါရိုက်တာအဖွဲ့သို့ တင်ပြရမည်။

(ခ) ဗဟိုဘဏ်၏ စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်က အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် စစ်ဆေးရမည်။

(ဂ) ဗဟိုဘဏ်သည် နှစ်စဉ် နှစ်ကုန်ဆုံးတိုင်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို ရေးဆွဲရမည်။ ဗဟိုဘဏ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်က မှန်ကန်ကြောင်း လက်မှတ် ရေးထိုးသည့် အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းတို့နှင့်အတူနှစ်ချုပ်အစီရင်ခံစာကို အစိုးရအဖွဲ့သို့ နှစ်ကုန်ဆုံးပြီးနောက် ခြောက်လအတွင်း တင်ပြရမည်။

(ဃ) ပုဒ်မခွဲ(ဂ)အရတင်ပြပြီးနောက် ဗဟိုဘဏ်သည် နှစ်ချုပ်အစီရင်ခံစာကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၅ )

## တာဝန်ခံမှုနှင့် သတင်းအချက်အလက်ထုတ်ပြန်မှု

၃၇။ ဗဟိုဘဏ်သည် ယင်း၏ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး မူဝါဒများချမှတ်ဆောင်ရွက်မှု၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်မှုနှင့် နိုင်ငံတော်၏ ငွေရေး ကြေးရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ အစိုးရ အဖွဲ့နှင့်ပြည်ထောင်စုလွှတ်တော်သို့ တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် အစီရင်ခံတင်ပြရမည်။ အဆိုပါ အစီရင်ခံစာကို ဝန်ကြီးဌာနသို့လည်းပေးပို့ရမည်။

၃၈။ ဗဟိုဘဏ်ဥက္ကဋ္ဌသည် ငွေကြေးမူဝါဒ၊ ငွေရေးကြေးရေးစနစ်ဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်၏ ငွေရေးကြေးရေးအခြေအနေ သို့မဟုတ် ဗဟိုဘဏ်၏ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြရမည်။

၃၉။ ဗဟိုဘဏ်သည် ငွေကြေးမူဝါဒနှင့် ငွေရေးကြေး ရေးတည်ငြိမ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုသတင်းအချက်အလက်များကို အများပြည်သူသိရှိစေရန် ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးလပတ်အလိုက် ထုတ်ပြန်ကြေညာရမည်။

## အခန်း(၆)

## ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄၀။ ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးမူဝါဒကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာမူဝါဒကို ဆုံးဖြတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊

(ဂ) အစိုးရအဖွဲ့အား နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်နှင့် စပ်လျဉ်း၍ အကြံပြုခြင်း၊

(ဃ) နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်ငွေကို ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း၊

(င) ပြည်တွင်းသုံးငွေကို တစ်ဦးတည်း ထုတ်ဝေသူအဖြစ် ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(စ) ငွေရေးကြေးရေးစနစ်တည်ငြိမ်ခိုင်မာမှုကို ထိန်းသိမ်းနိုင်ရန် ကြီးကြပ်ထိန်းကျောင်းခြင်း၊

(ဆ) ငွေရေးကြေးရေးအဖွဲ့အစည်းများကိုကြီးကြပ်စစ်ဆေးခြင်းနှင့်ကြပ်မတ်ကွပ်ကဲခြင်း၊

(ဇ) ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေဈေးကွ က်များ စနစ်တကျနှင့် ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် ထိန်းကျောင်းကွပ်ကဲခြင်း၊

(ဈ) လုံခြုံစိတ်ချရပြီး ခိုင်မာ၍ စွမ်းဆောင်ရည်ပြည့်ဝသော ပေးချေ မှုစနစ်တစ်ရပ် တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊

(ည) ဘဏ်များ၏ နောက်ဆုံးအားထားရာကာလတိုချေးငွေထုတ်ချေးသူအဖြစ် ဆောင်ရွက်ခြင်း၊

(ဋ) အစိုးရအဖွဲ့၏ငွေစာရင်းများကို ထိန်းသိမ်းပေးခြင်းဖြင့် အစိုးရအဖွဲ့၏ဘဏ်အဖြစ် ဆောင်ရွက်ခြင်း၊

(ဌ) အစိုးရအဖွဲ့၏ ငွေရ ေးကြေးရေးဆိုင်ရာ အကြံပေးနှင့် ဘဏ္ဍာရေးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(ဍ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ နိုင်ငံခြားအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဘဏ်အဖြစ်ဆောင်ရွက်ခြင်း၊

(ဎ) ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက်စာရင်းများဖွင့်လှစ်၍ အပ်ငွေများလက်ခံခြင်း၊

(ဏ) ဘဏ်လုပ်ငန်း၊ချေးငွေနှင့်ငွေကြေးနယ်ပယ်ရှိအပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် နိုင်ငံတော်၏ ပါဝင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသေအပေးအယူပြုလုပ်မှုများကို ဆောင်ရွက်ခြင်းနှင့် တာဝန်ဝတ္တရားအားလုံးကို အစိုးရအဖွဲ့အမည်ဖြင့် တာဝန်ခံဆောင်ရွက်ခြင်း၊ အစိုးရအဖွဲ့ကိုယ်စားအဆိုပါအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊

(တ) ဤဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသ ော်လည်းကောင်း မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ဆောင်ရွက်ခြင်းကြောင့် ပေါ်ပေ ါက်လာသော သို့မဟုတ် အကြောင်းသင့် ဆက်စပ်ဖြစ်ပေါ်လာသော လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခြင်း။

၄၁။ ဗဟိုဘဏ်သည် အောက်ပါလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ခွင့်ရှိသည်-

(က) မိမိအတွက် မိမိအမည်ဖြင့် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းနှင့်ယင်းငွေချေးသက်သေခံလက်မှတ်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် လည်းကောင်း၊ အများပြည်သူနှင့်လည်းကောင်း ရောင်းဝယ်ဖောက်ကားခြင်း၊

(ခ) ငွေချေးသက်သေခံလက်မှတ်များကို အာမခံရယူ၍ ကာလတိုချေးငွေနှင့် ကြိုတင်ပေးငွေ များ ထုတ်ပေးခြင်း၊

(ဂ) ငွေရေးကြေးရေးဈေးကွက်များတွင်လိုအပ်သလိုဝင်ရောက်ရောင်းဝယ်ခြင်း၊

(ဃ) ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် ထုတ်ပေးခြင်း၊

(င) မိမိရရန်ရှိသော ကြွေးမြီအတွက် လက်ခံရရှိသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ ရောင်းချ၍ တန်ဖိုးကိုရယူခြင်း၊

(စ) မိမိသင့်လျော်သည်ဟုယူဆသော စည်းကမ်း ချက်များနှင့်အညီ မည်သည့်နိုင်ငံခြားငွေကြေးအမျိုးအစားဖြင့်မဆို ပြည်ပမှ ချေးငွေရယူခြင်းနှင့် အဆိုပါ ချေးငွေများအတွက် အာမခံများထုတ်ပေးခြင်း၊

(ဆ) ဤဥပဒေအရ တရားစွဲဆိုရန် ခွင့်ပြုမိန့်တောင်းခံလာသည့် ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဇ) စာရင်းအင်းများနှင့် သတင်းအချက်အ လက်များ ကောက်ယူခြင်းနှင့် ပြုစု ရေးဆွဲခြင်း၊ အဓိကအားဖြင့် နိုင်ငံခြားငွေပေးငွေယူစာရင်းအင်းများ ရေးဆွဲခြင်းနှင့် တည်ငြိမ်၍ ကောင်းမွန်သည့် နိုင်ငံခြားငွေပေးငွေယူစာရင်း အခြေအနေတစ်ရပ်ရရှိစေ ရန် လိုအပ်သောနည်းလမ်းများကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ဈ) ငွေကြေးပမာဏကို လိုအပ်သလို ထိန်းချုပ်နိုင်ရန် ဗဟိုဘဏ်၏ အတိုးနှုန်းကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း။

၄၂။ ဗဟိုဘဏ်သည် မိမိ၏လုပ်ငန်း များ ဆောင်ရွက်ရာတွင် လိုအပ်သော ဥပစာများနှင့် လုပ်ငန်းသုံးပစ္စည်းတို့ကို ဥပဒေနှင့်အညီ ရယူခြင်း၊ ငှားရမ်းခြင်း၊ ပြုပြင်ထားရှိခြင်းနှင့် ရောင်းချခြင်းတို့ကို ပြုလုပ်နိုင်သည်။

၄၃။ ဗဟိုဘဏ်သည် မိမိရရန်ရှိသည့် ကြွေးမြီများအတွက် မြီစားထံမှရရှိသော မည်သည့် အကျိုးခံစားခွင့်ကိုမဆို ဖြစ်နိုင်သမျှ ဆောလျင်စွာ ထုခွဲရောင်းချရမည်။

၄၄။ ဗဟိုဘဏ်သည် -

(က) ဤဥပဒေအရ ဗဟိုဘဏ်၏လုပ်ငန်းများနှင့် မကိုက်ညီသည့်အမြတ်ရရှိ ရေးကိုသာ ဦးတည်ဆောင်ရွက်သော ကုမ္ပဏီများ သို့မဟုတ် လုပ်ငန်းများ သို့မဟုတ် အခြားစီးပွားရေးဆန်သော ဆောင်ရွက်မှုများကို ဖွဲ့စည်းလုပ်ကိုင်ခြင်း၊ ယင်းတို့တွင် အစုရှယ်ယာ ထည့်ဝင်ခြင်းမပြုရ၊

(ခ) ဤဥပဒေဖြင့် ခွင့်ပြုထားခြင်းများမှအပ အခြားချေးငွေအမျိုးမျိုး ထုတ်ပေးခြင်းမပြုရ။

**အခန်း (၇)**

**ငွေကြေးတည်ငြိမ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခြင်း**

၄၅။ ဗဟိုဘဏ်သည်မိမိ၏ငွေကြေးတည်ငြိမ်ရေးရည်ရွယ်ချက်အားအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ငွေကြေးမူဝါဒဆိုင်ရာ နည်းလမ်းများကို အသုံးပြုဆောင်ရွက်နိုင်သည်-

(က) ငွေရေးကြေးရေးဈေးကွက်များတွင် ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်း၊

(ခ) လျှော့နှုန်းနှင့် တစ်ဆင့်လျှော့နှုန်းတို့ကို သတ်မှတ်ကျင့်သုံးခြင်း၊

(ဂ) အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်အား သတ်မှတ်ခြင်း၊

(ဃ) ချေးငွေစီမံခန့်ခွဲခြင်း အပါအဝင် အခြားသင့်လျော်သော နည်းလမ်းများ သတ်မှတ်ခြင်း။

၄၆။ ဗဟိုဘဏ်သည် ပုဒ်မ ၄၅၊ ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာ၌ ငွေရေးကြေးရေးဈေးကွက်တွင် ရောင်းဝယ်မည့် ငွေချေးသက်သေခံလက်မှတ် အမျိုးအစားများနှင့် ချေး ငွေအတွက်ရယူမည့် အာမခံပစ္စည်းများသတ်မှတ်ခြင်းနှင့် ငွေရေးကြေးရေးဈေးကွက်တွင် ဝင်ရောက်ဆောင်ရွက်မည့် အခြေအနေများကို အများပြည်သူသို့ ထုတ်ပြန်ကြေညာရမည်။

၄၇။ ဗဟိုဘဏ်သည်ငွေရေးကြေးရေးဈေးကွက်များတွင် ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်သည့်နည်းလမ်းကို အသုံးပြုရာ၌ အောက်ပါတို့ကို ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လျှော့နှုန်းဖြင့် လဲလှယ်ခြင်းနှင့် တစ်ဆင့်လျှော့နှုန်းဖြင့် လဲလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်-

(က) ငွေပေးအမိန့်လက်မှတ်များနှင့် ငွေပေးကတိစာချုပ်များ၊

(ခ) အများပြည်သူသို့ထုတ်ဝေရောင်းချထားသောငွေချေးသက်သေခံလက်မှတ် များ သို့မဟုတ် အစိုးရအဖွဲ့ ကထုတ်ဝေသည့် သို့မဟုတ် အာမခံသည့် အခြားငွေချေး သက်သေခံလက်မှတ်များ၊

(ဂ) ဗဟိုဘဏ်က ထုတ်ဝေထားသော ငွေရေးကြေးရေးဆိုင်ရာ စာချုပ်စာတမ်းများ။

၄၈။ ဗဟိုဘဏ်သည် မိမိ၏လျှော့နှုန်းများ၊ တစ်ဆင့်လျှော့နှုန်းများနှင့် ချေးငွေအပေါ် အတိုးနှုန်းများကို အခါအားလျော်စွာ သတ်မှတ်၍ထုတ်ပြန်ကြေညာရမည်။

၄၉။ ဗဟိုဘဏ်သည် အပ်ငွေအမျိုးမျိုးနှင့် အလားတူပေးရန် တာဝန်များအတွက် သီးသန့်ငွေအချိုးများကို သတ်မှတ်နိုင်သည့်အပြင် ယင်းတို့ကို တွက်ချက်သည့်နည်းလမ်းကိုလည်း သတ်မှတ်နိုင်သည်။ သို့ရာတွင် ယင်းလိုအပ်သော အချိုးများ နှင့် တွက် ချက်သည့် နည်းလမ်းတို့ သည် လုပ်ငန်းအမျိုးအစားတူဘဏ်များအားလုံးအတွက် တစ်ပြေးညီဖြစ်စေရမည်။

၅၀။ ဗဟိုဘဏ်သည် ဘဏ်များအား ယင်းတို့၏အပ်ငွေများနှင့် စပ်လျဉ်း၍လည်းကောင်း အလားတူပေးရန်တာဝန်များအတွက် သီးသန့်ငွေများနှင့် စပ်လျဉ်း၍လည်းကောင်း ငွေသားဖြင့်ဖြစ်စေ၊ဗဟိုဘဏ်ရှိအပ်ငွေများဖြင့်ဖြစ်စေ၊ယင်းနှစ်ရပ်ပေါင်းဖြင့်ဖြစ်စေ၊အခြား သင့်လျော်ရာ တွက်ချက်မှုနည်းလမ်းဖြင့်ဖြစ်စေ ဗဟိုဘဏ်က သတ်မှတ်ပေးသည့်အချိုးအစားအတိုင်းထားရှိစေရမည်။

၅၁။ ပုဒ်မ ၅၀ အရထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်ပမာဏအပေါ်တွင် ဗဟိုဘဏ်က အတိုးပေးနိုင်သည်။

၅၂။ အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်များ၏ ပြောင်းလဲမှုများသည် ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။ ဗဟိုဘဏ်သည်သတ်မှတ်နေ့ရက်ကို အနည်းဆုံး ၁၄ ရက် ကြိုတင်၍ ထုတ်ပြန် ကြေညာရမည်။

၅၃။ ဗဟိုဘဏ်သည် ယင်း၏ရည်ရွယ်ချက်များ ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အခြားသင့်လျော်သော ငွေကြေးမူဝါဒဆိုင်ရာနည်းလမ်းများကို သတ်မှတ်အသုံးပြုနိုင်သည်။ ယင်းသို့ သတ်မှတ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်အများစု၏ သဘောတူညီချက်ဖြင့်သာ သတ်မှတ်ရမည်။

## အခန်း (၈)

## နိုင်ငံခြားသုံးငွေနှင့် နိုင်ငံခြားသုံးသီးသန့်ငွေစီမံခန့်ခွဲခြင်း

၅၄။ ဗဟိုဘဏ်၏ အကြံပြုချက်ကိုရယူ၍ အစိုးရအဖွဲ့ သည် နိုင်ငံခြားငွေလဲလှယ်နှုန်း စနစ်ကို သတ်မှတ်ရမည်။

၅၅။ ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒကို သတ်မှတ်အကောင်အထည်ဖော်ရမည်။

၅၆။ ဗဟိုဘဏ်သည် အခါအားလျော်စွာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) ရွှေ သို့မဟုတ် အခြားအဖိုးတန်သတ္တုများကို ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း ရောင်းဝယ်ဖောက်ကားခြင်း၊

(ခ) နိုင်ငံခြားသုံးငွေ အပေးအယူပြုလုပ်မှုများတွင် အများလက်ခံအသုံးပြုသော နည်းလမ်းတစ်ခုခုဖြင့် နိုင်ငံခြားငွေကြေး များကို ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း၊

(ဂ) နိုင်ငံခြားအစိုးရများသို့မဟုတ်နိုင်ငံခြားဗဟိုဘဏ်များက ထုတ်ဝေသည့် သို့မဟုတ် အာမခံသည့် ငွေတိုက်လက်မှတ်များနှင့် အခြားငွေချေးသက်သေခံ လက်မှတ်များ သို့မဟုတ် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ယင်းတို့၏ အပြည်ပြည်ဆိုင်ရာအသင်းအဖွဲ့များက ထုတ်ဝေသော အစုရှယ်ယာများ သို့မဟုတ်

ငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ပြည်ပရှိ ဗဟိုဘဏ်များ၊ ငွေကြေးအာဏာပိုင်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် မိမိ၏ငွေစာရင်းများကို ဖွင့်လှစ်ထားရှိခြင်း၊

(င) အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ပြည်ပရှိ ဗဟိုဘဏ်များ၊ ငွေကြေးအာဏာပိုင်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ နိုင်ငံခြားအစိုးရများနှင့် ယင်းတို့အား ကိုယ်စားပြုသူများအတွက် ကိုယ်စားလှယ်အဖြစ် သို့မဟုတ် ဆက်သွယ်သူအဖြစ် ဆောင်ရွက်ခြင်း၊ ငွေစာရင်းများကို ဖွင့်လှစ်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်ပေးခြင်း၊

(စ) ဗဟိုဘဏ်က သင့်လျော်သည်ဟု ယူဆသော စည်းကမ်းချက်များနှင့်အညီ မည်သည့်နိုင်ငံခြားငွေကြေးဖြင့်မဆို ငွေချေးယူခြင်းနှင့် အဆိုပါချေးငွေများအတွက်အာမခံပေးခြင်း။

၅၇။ ဗဟိုဘဏ်သည် မိမိကိုယ်ပိုင်အမည်ဖြင့်ဖြစ်စေ၊ အစိုးရအဖွဲ့ကိုယ်စားဖြစ်စေ၊ အစိုးရအဖွဲ့ အတွက်နှင့် အစိုးရအဖွဲ့၏ အမိန့်အရဖြစ်စေ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုသဘောတူညီချက်များ သို့မဟုတ် ယင်းကဲ့သို့ သဘောသက်ရောက်သည့် စာချုပ်များကို ပြည်ပတွင်တည်ထောင်ထားသည့် အများပိုင်နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းအမျိုးအစားတူ ငွေရေးကြေးရေအဖွဲ့အစည်းများနှင့်ချုပ်ဆိုနိုင်သည်။

၅၈။ ဗဟိုဘဏ်သည် အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ ရရန်ပိုင်ခွင့်များနှင့် ဆက်စပ်၍ဖြစ်ပေါ်နိုင်သော ငွေဖြစ်လွယ်မှုနှင့် ဆုံးရှုံးနိုင်မှုတို့ကို ထည့်သွင်းစဉ်းစား၍ အောက်ပါတို့အနက် အချို့အဝက် သို့မဟုတ် အားလုံးပါဝင်သည့် နိုင်ငံခြားသုံးသီးသန့်ငွေကို ထိန်းသိမ်းထားရှိရန်နှင့် စီမံခန့်ခွဲရန် တာဝန်ယူရမည်-

(က) ရွှေ၊

(ခ) နိုင်ငံခြားသုံးငွေ၊

(ဂ) ဗဟိုဘဏ်က သဘောတူလက်ခံနိုင်သည့် နိုင်ငံခြားငွေကြေးအမျိုးအစားနှင့် နေရာဒေသများတွင် ပေးချေရမည့်ငွေပေးအမိန့် လက်မှတ်များ၊ ငွေပေးကတိစာချုပ်များ၊

(ဃ) အောက်ပါအပြည်ပြည်ဆိုင်ရာအသိအမှတ်ပြု သီးသန့်ငွေရရန်ပိုင်ခွင့်များ -

(၁) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရှိ နိုင်ငံတော်၏ နိုင်ငံခြားသုံး သီးသန့်ငွေပိုင်ဆိုင်မှု၊

(၂) အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ရှိ နိုင်ငံတော်၏ အထူး ထုတ်ယူခွင့်များ ပိုင်ဆိုင်မှု။

၅၉။ ဗဟိုဘဏ်သည် -

(က) ပုဒ်မ ၅၈ အရ ထိန်းသိမ်းထားရှိသည့် နိုင်ငံခြားသုံးသီးသန့်ငွေကို အပြည်ပြည်ဆိုင်ရာနှင့် အပေးအယူပြုလုပ်မှုများအတွက် လုံလောက်သည်ဟု မိမိယူဆသည့်ပမာဏနှင့်အညီ ထိန်းသိမ်းထားရှိနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) နိုင်ငံခြားသုံးသီးသန့်ငွေပမာဏ ကျဆင်းလာလျှင်သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာနှင့်အပေးအယူပြုလုပ်မှုများအတွက် ယင်းနိုင်ငံခြားသုံး သီးသန့်ငွေ၏ လုံလောက်မှုမှာ စိတ်မချရသည့်အတိုင်းအတာအထိ ကျဆင်းမည့်အန္တရာယ်ရှိသည်ဟုယူဆလျှင်သော်လည်းကောင်း၊ အဆိုပါကျဆင်းမှုကိုဖြစ်စေသော သို့မဟုတ် ဖြစ်စေနိုင်သော အကြောင်းအချက်အလက်များ၊ နိုင်ငံခြားသုံးသီးသန့်ငွေအခြေအနေနှင့်ယင်းအခြေအနေကို ကုစားမှုပြုနိုင်ရန် သင့်လျော်သည်ဟုယူဆသော အဆိုပြုချက်များပါရှိသည့် အစီရင်ခံစာကို အစိုးရအဖွဲ့ထံ တင်ပြရမည်။

(ဂ) နိုင်ငံခြားသုံးသီးသန့်ငွေပမာဏပုံမှန်အခြေအနေရရှိပြီဟု ယူဆသည့်အချိန် အထိ အဆိုပြုချက်နှင့် အစီရင်ခံစာကို တစ်ကြိမ်လျှင် သုံးလထက် မကျော်လွန်စေဘဲ အစိုးရအဖွဲ့ထံ တင်ပြရမည်။

၆၀။ ဗဟိုဘဏ်သည် နိုင်ငံတော်ကအခါအားလျော်စွာ တင်ရှိလာနိုင်မည့် ပြည်ပကြွေးမြီများနှင့် စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်ကြောင်းကို စည်းကမ်းချက်များ၊ အခြားအချက်အလက် များနှင့်တကွ အစိုးရအဖွဲ့ထံ အကြံပြုတင်ပြနိုင်သည်။ ထိုသို့တင်ပြနိုင်ရန် ဗဟိုဘဏ်သည် နိုင်ငံတော်က ချေးယူထားသော သို့မဟုတ် အာမခံထားသော နိုင်ငံခြားကြွေးမြီအားလုံး၏ နောက်ဆုံးလက်ကျန် စာရင်းများကို ဝန်ကြီးဌာနထံမှ တောင်းခံရယူနိုင်သည်။

## အခန်း(၉)
## ပြည်တွင်းသုံးငွေထုတ်ဝေခြင်း

၆၁။ ပြည်တွင်းသုံးငွေ၏ အခြေခံယူနစ်သည် –ကျပ်–ဖြစ်သည်။ ငွေတစ်ကျပ်ကို အပိုင်း တစ်ရာပိုင်း၍ တစ်ပိုင်းကို တစ်ပြားဟုခေါ်ရမည်။ ထိုကျပ်နှင့်ပြားများအတွက် အင်္ဂလိပ် ဘာသာသင်္ကေတများသည် ‘K’ နှင့် ‘P’ ဟု အသီးသီးဖြစ်ရမည်။

၆၂။ ဗဟိုဘဏ်ကသာလျှင်ငွေစက္ကူနှင့်ဒင်္ဂါးများထုတ်ပိုင်ခွင့်ရှိသည်။ဗဟိုဘဏ်ကထုတ်သော ငွေစက္ကူများနှင့်ဒင်္ဂါးများသည် နိုင်ငံတော်တစ်ဝန်းလုံးတွင်တရားဝင်ငွေအဖြစ်တည်ရှိစေရမည်။

၆၃။ ဥပဒေနှင့်အညီ ငွေကြေးနှင့်စပ်လျဉ်းသည့် သို့မဟုတ် ငွေကြေးဖြင့်ပေးရန်ရှိသည့် စာချုပ်စာတမ်း၊ အပေးအယူပြုလုပ်မှု သို့မဟုတ် ကြွေး မြီတာဝန်တစ်ခုခုတွင် နိုင်ငံခြား သုံးငွေဖြင့် ပြုလုပ်ကြောင်း အတိအလင်းသဘောတူညီချက်မရှိခဲ့လျှင် ယင်းကို နိုင်ငံတော်အတွင်းတွင် ကျပ်ငွေဖြင့် ပြုလုပ်သည်ဟု မှတ်ယူရမည်။

၆၄။ ဗဟိုဘဏ်သည် ငွေစက္ကူများပုံနှိပ်ခြင်း၊ ဒင်္ဂါးများ သွန်းလောင်းခြင်း၊ ထုတ်ဝေရန် ထားရှိသည့် ငွေစက္ကူများနှင့်ဒင်္ဂါးများကို လုံခြုံစွာသိုလှောင်ထားရှိခြင်းနှင့် ငွေစက္ကူပုံနှိပ်ပလိပ်ပြားများ၊ ဒင်္ဂါးညှပ်ပုံများနှင့် ပြန်လည်ရုပ်သိမ်းထားသည့် ငွေစက္ကူများနှင့် ဒင်္ဂါးများကို လိုအပ်သလို သိုလှောင်ခြင်းနှင့် ဖျက်ဆီးခြင်းတို့အတွက် စီစဉ်ဆောင်ရွက်ရမည်။

၆၅။ ဗဟိုဘဏ်သည် ငွေစက္ကူများနှင့် ဒင်္ဂါးများ၏ တန် ဖိုး၊ အဆင်အပြင်၊ ဖွဲ့စည်းပါဝင် သည့် ဝတ္ထုပစ္စည်းနှင့် အခြားခွဲခြားနိုင်သည့်လက္ခဏာများကိုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၆၆။ ဗဟိုဘဏ်သည် မည်သည့်ငွေစက္ကူအမျိုးအစားကိုမဆို ပြောင်းလဲသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက်အခြေအနေကိုအနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အ စည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၆၇။ (က) ဗဟိုဘဏ်သည် မိမိထုတ်ဝေထားသည့် တရားဝင်သုံးစွဲလျက်ရှိသော ငွေကြေးများကိုလက်ဝယ်ရှိသူများက လဲလှယ်ပေးရန်တောင်းခံပါက တန်ဖိုးအလိုက် လဲလှယ် ပေးရမည်။

(ခ) ဘဏ်များသည် တရားဝင်သုံးစွဲလျက်ရှိသော ငွေစက္ကူနှင့်ဒင်္ဂါးများကို အခြားတန်ဖိုးအမျိုးအစားဖြစ်သော တရားဝင်ငွေစက္ကူ သို့မဟုတ် ဒင်္ဂါးများဖြင့် လဲလှယ်ရန် တောင်းဆိုသည့်အခါ အခမဲ့လဲလှယ်ပေးရမည်။

(ဂ) ပျောက်ဆုံးသော သို့မဟုတ် ခိုးရာပါသော သို့မဟုတ် ချွတ်ယွင်းသော သို့မ ဟုတ် ပုံသဏ္ဍာန်ပျက်သော ငွေစက္ကူ နှင့် ဒင်္ဂါးတစ်ခုခု၏ တန်ဖိုးကို ဗဟိုဘဏ်ထံမှ ရပိုင်ခွင့် အဖြစ် မည်သူမျှတောင်းဆိုခွင့်မရှိစေရ။ သို့ရာတွင် ချွတ်ယွင်းသော သို့မဟုတ် ပုံသဏ္ဍာန်ပျက်သောငွေစက္ကူနှင့်ဒင်္ဂါးတန်ဖိုးကို လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်၍ ပြန်လည်ထုတ်ပေးနိုင်သည်။

**အခန်း (၁၀)**

**ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခြင်း**

၆၈။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးအတွက် ငွေရေးကြေးရေး အဖွဲ့အစည်းများအား လိုင်စင်ထုတ်ပေးခြင်း ၊ ငြင်းပယ်ခြင်းနှင့် ရုပ်သိမ်းခြင်း၊ လုပ်ငန်းခိုင်မာ ကောင်းမွန်စေရန်

ကြီးကြပ်စစ်ဆေးခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည့်အပြင်ယင်းအဖွဲ့အစည်းများ၏ ကြွေးမြီပေးဆပ်နိုင်မှုနှင့် လုပ်ငန်းခိုင်မာမှုတို့ ပိုမိုကောင်းမွန်စေရန် လိုအပ်သလို ညွှန်ကြားနိုင်သည်။

၆၉။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်စစ်ဆေးရာတွင် မိမိ၏ ဝန်ထမ်းများကိုသော်လည်းကောင်း၊ ဗဟိုဘဏ်က တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်များကိုသော်လည်းကောင်း အောက်ပါအတိုင်း တာဝန်ပေးအပ်ဆောင်ရွက်စေနိုင်သည်-

(က) ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းခွင်သို့ အခါအားလျော်စွာ သွားရောက်၍ စာရင်းများ၊ စာရင်းစာအုပ်များ၊ အထောက်အထားစာရွက်စာတမ်းများနှင့် အခြားမှတ်တမ်းများအား စစ်ဆေးခြင်း၊

(ခ) ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ကာလအလိုက် စာရင်းများ၊ မှတ်တမ်း များနှင့် သတင်းအချက်အလက်များကို ၎င်းတို့ထံမှရယူ၍ စစ်ဆေးခြင်း။

၇၀။ ငွေရေးကြေးရေးအဖွဲ့အစည်းသည် ဗဟိုဘဏ်က ယင်း၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်ရန်အလို့ငှာ လိုအပ်မည့်လုပ်ငန်းဆိုင်ရာ အချက်အလက်များကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလ အပိုင်းအခြားအလိုက် တောင်းဆိုသည့်အတိုင်း ပေးပို့ရမည်။

၇၁။ ဗဟိုဘဏ်သည် ပုဒ်မ ၇၀ အရပေးပို့သောအချက်အလက်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း သင့်လျော် သည့်အချိန်တွင်တစ်ပေါင်းတစ်စည်းတည်း ထုတ်ပြန်ကြေညာနိုင်သည်။ သို့ရာတွင် အများပြည်သူနှင့် မသက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုမူ ထုတ်ပြန်ကြေညာခြင်းမပြုရ။

၇၂။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြပ်မတ်ကွပ်ကဲခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းပြုသည့် အခြား အာဏာပိုင်အဖွဲ့အစည်းများထံမှလည်း လိုအပ်သော သတင်းအချက်အလက်များ တောင်းယူနိုင်သည်။

၇၃။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးအတွက် လိုအပ်သည်ဟု ယူဆပါက ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ယင်းမှတာဝန်ရှိသူပုဂ္ဂိုလ်ကိုဖြစ်စေ ယင်းလုပ်ငန်း၏ငွေရေးကြေးရေးတည်ငြိမ်ရေးအတွက်ဆုံးရှုံးနိုင်ခြေများကို ကာကွယ်ရေး သို့မဟုတ် လျှော့ချရေးအစီအစဉ်များဆောင်ရွက်ရန် စာဖြင့်ညွှန်ကြားချက်ထုတ်ပြန်နိုင်သည်။

၇၄။ ဗဟိုဘဏ်သည် ငွေကြေးလွယ်ကူမှုအချိုးအပါအဝင် ငွေရေးကြေးရေးအချိုးများနှင့် ယင်းတို့ကို တွက်ချက်သည့်နည်းလမ်းများကို လိုအပ်သလို သတ်မှတ်နိုင်သည်။

၇၅။ ဗဟိုဘဏ်သည်လိုအပ်သည်ဟု ယူဆပါက ချေးငွေဆိုင်ရာသတင်းအချက်အလက်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးရန် ထိုက်တန်မှုကို အကဲဖြတ်သုံးသပ်ရန် ဆီလျော်သက်ဆိုင်သော အခြားသတင်း အချက်အလက်များကို စုစည်းနိုင်ရန်နှင့်

စုစည်းရရှိသည့်သတင်းအချက်အလက်များကို ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ အသိပေးနိုင်ရန်ချေးငွေသတင်းအချက်အလက်ဌာနကို တည်ထောင်ခွင့်ပြုနိုင်သည်။

## အခန်း(၁၁)

## ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေဈေးကွက်ကို ကြီးကြပ်ထိန်းကျောင်းခြင်း

၇၆။ ဗဟိုဘဏ်သည် ငွေကြေးဈေးကွက်နှင့် နို င်ငံခြားငွေဈေးကွက်အား ကြီးကြပ်ထိန်းကျောင်းရာတွင်ဗဟိုဘဏ်၏ ဝန်ထမ်းများ ကသော်လည်းကောင်း၊ ဗဟိုဘဏ်မှ တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်များကသော်လည်းကောင်း အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များ၏ လုပ်ငန်းခွင်သို့ အခါအားလျော်စွာ သွားရောက်၍ စာရင်းများ၊ စာရင်းစာအုပ်များ၊ အထောက်အထားစာရွက်စာတမ်းများနှင့် အခြားမှတ်တမ်းများအား စစ်ဆေးခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ပုဂ္ဂိုလ်များ၏ ကာလအလိုက် စာရင်းများ၊ မှတ်တမ်းများနှင့်သတင်းအချက်အလက်များကို ၎င်းတို့ထံမှရယူ၍ စစ်ဆေးခြင်း။

၇၇။ ငွေကြေးဈေးကွက်နှင့် နိုင်ငံခြားငွေဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များသည် ဗဟိုဘဏ်က ယင်း၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်ရန်အလို့ငှာ လိုအပ်မည့်လုပ်ငန်းဆိုင်ရာအချက်အလက်များကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလ အပိုင်းအခြားအလိုက် တောင်းဆိုသည့်အတိုင်းပေးပို့ရမည်။

၇၈။ ဗဟိုဘဏ်သည် ပုဒ်မ ၇၇အရ ပေး ပို့ထားသော အချက်အလက် အားလုံးကိုသော်လည်းကောင်းတစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း သင့်လျော် သည့်အချိန်တွင် တစ်ပေါင်းတစ်စည်းတည်း ထုတ်ပြန် ကြေညာနိုင်သည်။ သို့ရာတွင် အများပြည်သူနှင့် မသက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုမူ ထုတ်ပြန်ကြေညာခြင်းမပြုရ။

## အခန်း(၁၂)

## ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်ကိုကြီးကြပ်ထိန်းကျောင်းခြင်း

၇၉။ ဗဟိုဘဏ်သည် လုံခြုံမှုနှင့်ထိရောက်မှုရှိသော ငွေပေးချေမှုစနစ်ဖြစ်စေရန် ဤဥပဒေ နှင့် အခြားသက်ဆိုင်ရာဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားလာသည့် အဖွဲ့အစည်းတစ်ရပ်ရပ်အား လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း ၊ ရုပ်သိမ်းခြင်းနှင့် ယင်းလုပ်ငန်းကို ကြီးကြပ်စစ်ဆေးခြင်း ၊ ကြပ်မတ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရမည်။

၈၀။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ချက်လက်မှတ်များ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် ငွေပေး ချေမှုများနှင့် ငွေပေး ချေမှုအဖြစ် အသုံးပြုသည့် စာချုပ် စာတမ်းများကို စာရင်းရှင်းလင်းပေးရန် စာရင်းရှင်းလင်းရေးအဖွဲ့များကို လိုအပ်သည့် နေရာများတွင် ဖွဲ့စည်းနိုင်သည်။

၈၁။ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များ သည် ဗဟိုဘဏ်က အခါအားလျော်စွာထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၈၂။ ဗဟိုဘဏ်သည် ငွေပေးချေမှုနှင့် စာရင်းရှင်း လင်းမှု လုပ်ငန်းများကို ကြီးကြပ် ထိန်းကျောင်းရာတွင် ဗဟိုဘဏ်၏ ဝန်ထမ်းများကသော်လည်းကောင်း၊ ဗဟိုဘဏ်မှ ခန့် အပ်တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်များကသော်လည်းကောင်း အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်၏ လုပ်ငန်းခွင်သို့ အခါအားလျော်စွာ သွားရောက်၍ စာရင်းများ၊ စာရင်းစာအုပ်များ၊ အထောက်အထား စာရွက်စာတမ်းများနှင့် အခြားမှတ်တမ်းများအားစစ်ဆေးခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ပုဂ္ဂိုလ်များ၏ ကာလအလိုက် စာရင်းများ၊ မှတ်တမ်းများနှင့် သတင်းအချက်အလက်များကို ၎င်းတို့ထံမှရယူ၍ စစ်ဆေးခြင်း။

၈၃။ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်များသည် ဗဟိုဘဏ်ကယင်း၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်ရန်အလို့ငှာ လိုအပ်မည့်လုပ်ငန်းဆိုင်ရာအချက်အလက်များကို သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအပိုင်းအခြားအလိုက် တောင်းဆိုသည့်အတိုင်း ပေးပို့ရမည်။

၈၄။ ဗဟိုဘဏ်သည် ပုဒ်မ ၈၃ အရ ပေးပို့ထားသော အချက်အလက်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း သင့်လျော်သည့်အချိန်တွင် တစ်ပေါင်းတစ်စည်းတည်း ထုတ်ပြန်ကြေညာနိုင်သည်။ သို့ရာတွင် အများပြည်သူနှင့် မသက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် စပ်လျဉ်းသည့် သ တင်းအချက်အလက်များကိုမူ ထုတ်ပြန်ကြေညာခြင်းမပြုရ။

## အခန်း (၁၃)

## ဘဏ်များ၏ နောက်ဆုံး အားထားရာ ကာလတိုချေးငွေထုတ်ချေးသူအဖြစ် ဆောင်ရွက်ခြင်း

၈၅။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးအတွက် ဆုံးရှုံးနိုင်ခြေများကို ကာကွယ်ရန် သို့မဟုတ် လျော့နည်းစေရန်ရည်ရွယ်၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ဘဏ်များအား ချေးငွေအကူအညီပေးခြင်း၊

(ခ) မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းတည်ထောင်ထားသည့်ဘဏ်များ၏ ရုံးချုပ်များနှင့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်များ၏ ပင်မရုံးခွဲကိုသာ ငွေထုတ်ချေးခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းတ ည်ထောင်ထားသော ဘဏ်များ၏ ပြည်ပရှိဘဏ်ခွဲများ၊ ရုံးခွဲများအား ငွေကြေးနှင့် အ ခြားလိုအပ်သော အကူအညီများ ပေးရန်အစီအစဉ်များကိုအခြားသော ဗဟိုဘဏ်များနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း။

၈၆။ ဘဏ်များက ငွေကြေးလွယ်ကူမှု တိုးတက်ကောင်းမွန်စေရေးအတွက် ငွေရေးကြေးရေး အကူအညီတောင်းခံလာသည့်အခါ ဗဟိုဘဏ်သည် အောက် ပါအချက်များကို အခြေခံ၍ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အချိန်ကာလအားဖြင့် ၉၂ ရက် ထက်မပိုစေဘဲ ယာယီချေးငွေများကို သင့်လျော်သော အတိုးနှုန်းဖြင့် ထုတ်ချေးနိုင်သည်-

(က) ကြွေးမြီပြန်လည်ပေးဆပ်နိုင်စွမ်းရှိပြီး ချေးငွေအတွက် လုံလောက်သော အာမခံပေးနိုင်သည့် ဘဏ်ဖြစ်ခြင်း၊

(ခ) ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးကို ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ငွေရေးကြေးရေးအကူအညီပေးရန် လိုအပ်သည့် ဘဏ်ဖြစ်ခြင်း။

၈၇။ ဗဟိုဘဏ်သည် သက်ဆိုင်ရာဘဏ်၏ ကုစားမည့်နည်းလမ်းများကို ဖော်ပြထားသော အရေးယူဆောင်ရွက်မည့်အစီအစဉ်အပေါ်အခြေခံစဉ်စား၍ နောက်ထပ်သက်တမ်း တစ် ကြိမ်ကို အချိန်ကာလအားဖြင့် ၉၂ ရက် ထက်မပိုစေဘဲ ထပ်မံတိုးမြှင့်နိုင်သည်။

၈၈။ ဗဟိုဘဏ်သည် အများပြည်သူအကျိုးကို သယ်ပိုးဆောင်ရွက်ရန်နှင့် အရေးပေါ် ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်သည်ဟု ယူဆ ပါ က ချေးငွေကို နောက်ထပ်သက်တမ်းတစ်ကြိမ်မက တိုး၍ထုတ်ချေးနိုင်သည်။

၈၉။ ဗဟိုဘဏ်သည် ချေးငွေရယူသည့်ဘဏ်က ကုစားသည့် အရေးယူဆောင်ရွက်မှု နည်းလမ်း များကို အကောင်အထည်ဖော်ခြင်းမရှိကြောင်း သို့မဟုတ် ယင်းအရ ေးယူဆောင်ရွက်မှုများ သည် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုမရရှိကြောင်း စိစစ်တွေ့ရှိပါက ယင်းဘဏ်အား သတ်မှတ်ချက်များနှင့်အညီ အရေးယူရမည်။

## **အခန်း (၁၄)**

## **အစိုးရအဖွဲ့၏ ငွေရေးကြေးရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း**

၉၀။ ဗဟိုဘဏ်သည် အစိုးရအဖွဲ့၏ အပ်ငွေများကိုလက်ခံပြီး အစိုးရအဖွဲ့၏ ကိုယ်စား ယင်းငွေစာရင်းများမှ ငွေပေးချေမှုများ ပြုလုပ်ပေးရမည်။ ထို့ပြင် ယင်းလုပ်ငန်းကို အခြားဘဏ်တစ်ခုကို လွှဲအပ်နိုင်သည်။

၉၁။ ဗဟိုဘဏ်သည် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် အစိုးရအဖွဲ့သို့ ချေးငွေထုတ်ချေးနိုင်သည်။ ထိုသို့ ထုတ်ချေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ချေးငွေအတွက် စည်းကမ်းချက်များကို ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့ အခါအားလျော်စွာ ညှိနှိုင်းသတ်မှတ်ရမည်။

(ခ) ချေးငွေများကို အတိုးပေးသော လွှဲပြောင်းနိုင်ခွင့်ရှိသည့် အများဆုံး သက်တမ်း ၉၂ ရက်သာရှိသော အစိုးရငွေချေးသက်သေခံလက်မှတ်များဖြင့် ဝန်ကြီးဌာနက အာမခံရမည်။

၉၂။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အများပြည်သူလက်ဝယ်ရှိ အစိုးရငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူခြင်းနှင့်ရောင်းချခြင်းပြုလုပ်နိုင်သည်။

၉၃။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့အ ထိ နိုင်ငံတော်သို့ ထုတ်ချေးထားသော ချေးငွေ လက်ကျန်အားလုံးကို အတိုးပေးသောလွှဲပြောင်းနိုင်သည့် အစိုးရငွေချေး သက်သေခံလက်မှတ်များဖြင့် အစိုးရအဖွဲ့က ဗဟိုဘဏ် သို့ လွှဲပြောင်း ပေးရမည်။ အဆိုပါ လွှဲပြောင်းပေးသည့်အစိုးရင ွေချေးသက်သေခံလက်မှတ်များပြန်လည်ရွေးနုတ်ရန် အစီအစဉ်ကို ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့ ညှိနှိုင်းဆောင်ရွက်ရမည်။

၉၄။ ဗဟိုဘဏ်သည် လေ့လာသုံးသပ်ရန်လိုအပ်သော ငွေရေးကြေးရေးနှင့်စီးပွားရေးဆိုင်ရာ စာရင်းအင်း၊ သတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများကို အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများထံမှ တောင်းခံရယူခွင့်ရှိသည်။ ဗဟိုဘဏ်သည် အစိုးရအဖွဲ့၏ တောင်းခံချက်အရဖြစ်စေ၊ မိမိသဘောအလျောက်ဖြစ်စေ မိမိ၏ လေ့လာသုံးသပ်ချက်များကို အစိုးရအဖွဲ့ထံ တင်ပြအစီရင်ခံရမည်။

၉၅။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများ နှင့် အများပြည်သူသို့ ရောင်းချမည့် အစိုးရအဖွဲ့၏ ကြွေးမြီဆိုင်ရာ စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ထံ အကြံပေးရမည်။

## အခန်း (၁၅)
## စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူခြင်း

၉၆။ ဗဟိုဘဏ်သည် ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀ တို့အရ သတ်မှ တ်ပေးသည့်အချိုးနှင့်အညီ လိုအပ်သော သီးသန့်ငွေထားရှိရန် ပျက်ကွက်သည့် ဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခုထံမှ ယင်း၏ လိုအပ်သော သီးသန့်ငွေပြည့်မီစေရန် လျော့နည်းသည့် ငွေပမာဏအပေါ်တွင် ဒဏ်ကြေးသတ်မှတ်၍ တောင်းခံရယူနိုင်သည်။

၉၇။ ဗဟိုဘဏ်က သတ်မှတ်သည့် ငွေရေးကြေးရေး အချိုးများကို လိုက်နာရန် ပျက်ကွ က်သော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် စပ် လျဉ်းသည့် ဥပဒေများအရလည်းကောင်း စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ ကျခံစေရမည်။

၉၈။ ပုဒ်မ ၉၆ အရ ဗဟိုဘဏ်၏ အရေးယူဆောင်ရွက်မှုတစ်ခုခုသည် အမျိုးတူ ငွေရေးကြေးရေးအဖွဲ့အစည်းအားလုံးကို ခွဲခြားခြင်းမပြုဘဲ တစ်ပြေးညီ ဖြစ်စေရမည်။ ထို့ပြင်အရေးယူဆောင်ရွက်မှုသည်နောက်ကြောင်းပြန် အကျိုးသက်ရောက်ခြင်းမရှိစေရ။

## အခန်း (၁၆)

## တားမြစ်ချက်များ

၉၉။ မည်သူမျှဗဟိုဘဏ်၏ ခွင့်ပြုချက်မရရှိဘဲ အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငွေစက္ကူ သို့မဟုတ် ဒင်္ဂါးတစ်ခုခုကိုဖြတ်တောက်ခြင်း၊ ဆုတ်ဖြဲခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပုံသဏ္ဍာန် ပျက်ယွင်းအောင် ပြုလုပ်ခြင်း၊

(ခ) ငွေစက္ကူကိုဖြစ်စေ၊ဒင်္ဂါးကိုဖြစ်စေအကျိုးအမြတ်ရယူလိုခြင်းငှာ ရောင်းဝယ်ဖလှယ်ကာက်ကားခြင်း။

၁၀၀။ ဗဟိုဘဏ်၏ မည်သည့် ဒါရိုက်တာအဖွဲ့ဝင်၊ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်မျှ မိမိ၏တာဝန်ဝတ္တရားများကိုဆောင်ရွက်ရာမှ သိရှိလာသည့်ပုဂ္ဂိုလ်တစ်ဦးဦးသည် မည်သူမည်ဝါဖြစ်ကြောင်းကိုသော်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်၏ငွေအပေးအယူပြုလုပ်မှုများ၊ဝင်ငွေပမာဏ၊ ဝင်ငွေရလမ်း၊ အမြတ်များ၊ အရှုံးများ ၊ အသုံးစရိတ်များနှင့် စပ်ဆိုင်သည့်သတင်းအချက် အလက်များကို သော်လည်းကောင်း၊တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုချက်မရှိဘဲ ထုတ်ဖော်ပြောဆိုခြင်း၊ စစ်ဆေးစေခြင်းသို့မဟုတ် ကြေညာခြင်းမပြုလုပ်ရ။

၁၀၁။ မည်သူမျှ ဗဟိုဘဏ်က ထုတ်ဝေသော ငွေစက္ကူ ၊ ဒင်္ဂါးနှင့် လွှဲ ပြောင်းနိုင်သော စာချုပ်စာတမ်းတစ်မျိုးမျိုးကို အတုမှန်းသိလျက်နှင့် သုံးစွဲခြင်း မပြုလုပ်ရ။

၁၀၂။ မည်သူမျှ ဗဟိုဘဏ်က ထုတ်ဝေသော ငွေစက္ကူ၊ ဒင်္ဂါးနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတစ်မျိုးမျိုးကို အတုပြုလုပ်ခြင်း၊ အတုကို ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြ ည်ပသို့ တင်ပို့ခြင်း မပြုလုပ်ရ။

## အခန်း (၁၇)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၀၃။ မည်သူမဆို ပုဒ်မ ၉၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်ထောင်စုဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၀၄။ ဗဟိုဘဏ်၏မည်သည့် ဒါရိုက်တာအဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်မဆို ပုဒ်မ ၁၀၀ ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင် ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀၅။ မည်သူမဆို ပုဒ်မ ၁၀၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုငွေဒဏ်ဖြစ်စေ၊ သုံး နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀၆။ မည်သူမဆို ပုဒ်မ ၁၀၂ ပါ တားမြစ်ချက်ကို ဖော က်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ် နှစ် ၂၀ အထိ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သ က်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်ထောင်စုဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၁၀၇။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်း ကို အားပေးကူညီလျှင် ဖြစ်စေ၊ ကျူးလွန်ရန်အားထုတ်လျှင်ဖြစ်စေ၊ ကျူးလွန်ရန်ပူးပေါင်းကြံစည်လျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၁၈)

## အထွေထွေ

၁၀၈။ ဗဟိုဘဏ်ဥက္ကဋ္ဌသည် ပြည်ထောင်စုဝန်ကြီးအဆင့် ပုဂ္ဂိုလ်ဖြစ်ပြီး ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများသည် ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်များ ဖြစ်သည်ဟုမှတ်ယူရမည်။

၁၀၉။ ဤဥပဒေပါပြစ်မှုများအနက် ပုဒ်မ ၁၀၃ နှင့် ပုဒ်မ ၁၀၄ တို့ကို ရဲအရေးယူပိုင် ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၁၀။ ပုဒ်မ ၁၀၃ သို့မဟုတ် ပုဒ်မ ၁၀၄ အရ တရားစွဲဆိုရာတွင် ဗဟို ဘဏ်၏ ကြိုတင် ခွင့်ပြုချက် ရယူရမည်။

၁၁၁။ ဤဥပဒေပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၁၁၂။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည် သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သို့ပေးရန်ရှိသည့် ကြွေးမြီများကို နိုင်ငံတော်က ရရန်ပိုင်ခွင့်များမှတစ်ပါး အခြားရရန်ပိုင်ခွင့်အားလုံးထက် ဦးစားပေးရမည်။

၁၁၃။ ဗဟိုဘဏ်ဖွဲ့စည်းခြင်းသည်မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၁၄။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၉ သည် ဗဟိုဘဏ်ကတရားစွဲဆိုသည့်အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၁၁၅။ ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် ၁၅/၉၀) အရ တည်ထောင်ထားသော မြန်မာနိုင်ငံတော် ဗဟိုဘဏ်ပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၁၁၆။ ဗဟိုဘဏ်သည်ဤဥပဒေပါလုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ လက်တွေ့ဆောင်ရွ က်နိုင်ရန် အခက်အခဲရှိပါက လွယ်ကူ ချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရန်နှင့် လိုအပ်သော ပြင်ဆင်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် နိုင်ငံတော်သမ္မတက အသွင်ကူးပြောင်းရေးကာလတစ်ရပ်ကို ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှ အများဆုံးတစ်နှစ်အထိ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။ယင်းကာ လ၌ ဗဟိုဘဏ်သည် မိမိ၏ မူလလုပ်ငန်း တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်နိုင်သည်။

၁၁၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁၅/ ၉၀) အရ တည်ထောင်ထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြုလုပ်ခဲ့သည့် သို့မဟုတ် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်များသည် ဤဥပဒေအရ ဆက်ခံသည့် ဗဟိုဘဏ်ကချုပ်ဆိုသည့် သဘောတူစာချုပ်များဖြစ်သည်ဟု မှတ်ယူရမည်။

၁၁၈။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၅/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ယင်းဥပဒေကို ရုပ်သိမ်းလိုက်သော်လည်း ယင်းဥပဒေအရတည်ထောင်ထားရှိသည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့သည် ဤဥပဒေအရဆက်ခံမည့် ဒါရိုက်တာအဖွဲ့အား တာဝန်ဝတ္တရားများ လွှဲအပ်ပေးသည့်နေ့အထိ လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိစေရမည်။

၁၁၉။ ရုပ်သိမ်းလိုက်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၅/၉၀) အရဖြစ်စေ ၊ အခြားလုပ်ပိုင်ခွင့်တစ်ခုခုအရ ဖြစ်စေ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို သဘောရိုးဖြင့် ဆောင်ရွက်သူကို ပြစ်မှုကြောင်း အရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း အရေးယူခြင်းမပြုရ။

၁၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဗဟိုဘဏ်သည် လိုအပ်သော နည်းဥပဒေများ၊ စည်း မျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊အမိန့်၊ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်